			Deluxe A Room Income (Kyats)(000)	657	986	1,314	1,643
2	1	No. of Deluxe B Room	Room	40	40	40	40
	2	Earning Days	Day	365	365	365	365
	3	Occupancy Rate in US$	%	1	2	3	4
	4	Occupancy Rate in Kyats	%	2	3	4	5
	5	Average Room Rate	US$ / Room	90	90	90	90
	6	Average Room Rate	Kyats (000) / Room	85	85	85	85
			Deluxe B Room Income (US$)	1,314	2,628	3,942	5,256
			Deluxe B Room Income (Kyats)(000)	2,482	3,723	4,964	6,205
3	1	No. of Junior Suite Room	Room	20	20	20	20
	2	Earning Days	Day	365	365	365	365
	3	Occupancy Rate in US$	%	1	2	3	4
	4	Occupancy Rate in Kyats	%	2	3	4	5
	5	Average Room Rate	US$ / Room	100	100	100	100
	6	Average Room Rate	Kyats (000) / Room	95	95	95	95
			Junior Suite Room Income (US$)	730	1,460	2,190	2,920
			Junior Suite Room Income (Kyats)(000)	1,387	2,081	2,774	3,468

EDEN HOTELS & RESORTS CO., LTD. (Aye Thar Yar Golf & Resort)

Detail Calculation of Estimated Hotel Income **Sheet (2)**

Sr No.		Particular	Unit	YEARS			
				(1 - 2)	(3 - 4)	(5)	(6-10)
4	1	No. of Eden Suite Room	Room	2	2	2	2
	2	Earning Days	Day	365	365	365	365
	3	Occupancy Rate in US$	%	1	2	3	4
	4	Occupancy Rate in Kyats	%	2	3	4	5
	5	Average Room Rate	US$ / Room	115	115	115	115
	6	Average Room Rate	Kyats (000) / Room	110	110	110	110
			Eden Suite Room Income (US$)	84	168	252	336
			Eden Suite Room Income (Kyats)(000)	161	241	321	402
		Income in Food & Beverage	20% of Total Annual Room Income				
		Income From Others	15% of Total Annual Room Income				

(နောက်ဆက်တွဲ - ၉)

EDEN HOTELS & RESORTS CO., LTD. (Aye Thar Yar Golf & Resort)

Detail Calculation of Estimated Hotel Income **Sheet (3)**

(In Million)

Sr No.	Particular	Unit	YEARS			
			(1 - 2)	(3 - 4)	(5)	(6-10)
	Hotel Income					
1	Room	US$	2.478	4.957	7.435	9.913
		Kyats	4,686.60	7,029.90	9,373.20	11,716.50
2	Food & Beverage	US$	0.496	0.991	1.487	1.983
		Kyats	937.32	1,405.98	1,874.64	2,343.30
3	Others	US$	0.372	0.744	1.115	1.487
		Kyats	702.99	1,054.49	1,405.98	1,757.48
Total		**US$**	**3.345**	**6.692**	**10.037**	**13.383**
		Kyats	**6,326.91**	**9,490.37**	**12,653.82**	**15,817.28**

Note: Exchange Rate - 1 US$ = 1,200 Kyats

(နောက်ဆက်တွဲ - ၉)

EDEN HOTELS & RESORTS CO., LTD. (Aye Thar Yar Golf & Resort)

Detail Calculation of Estimated Golf Income **Sheet (1)**

Sr No.		Particular	Unit	YEARS			
				(1 - 2)	(3 - 4)	(5)	(6-10)
1	1	Customer (Local)	Person	400	450	500	550
	2	Expected Day to play by Customer	Day	160	160	160	160
	3	Average Green Fee Rate	Kyats / Person	6000	6000	6000	6000
			Customer Income (Kyats)	384,000,000	432,000,000	480,000,000	528,000,000
2	1	Foreigner	Person	100	150	200	250
	2	Expected Day to play by Customer	Day	160	160	160	160
	3	Average Green Fee Rate	US$ / Person	30	30	30	30
			Customer Income (US$)	480,000	720,000	960,000	1,200,000
		Income in Food & Beverage	10% of Total Annual Green Fee Income				
		Income From Others	15% of Total Annual Green Fee Income				

EDEN HOTELS & RESORTS CO., LTD. (Aye Thar Yar Golf & Resort)

Detail Calculation of Estimated Golf Income **Sheet (2)**

(In Million)

Sr No.	Particular	Unit	YEARS			
			(1 - 2)	(3 - 4)	(5)	(6-10)
	Golf Income					
1	Person	US$	0.480	0.720	0.960	1.200
		Kyats	384.00	432.00	480.00	528.00
2	Food & Beverage	US$	0.048	0.072	0.096	0.120
		Kyats	38.40	43.20	48.00	52.80
3	Others	US$	0.072	0.108	0.144	0.180
		Kyats	57.60	64.80	72.00	79.20
Total		**US$**	**0.600**	**0.900**	**1.200**	**1.500**
		Kyats	**480.00**	**540.00**	**600.00**	**660.00**

Note: Exchange Rate - 1 US$ = 1,200 Kyats

Reception



Deluxe A



Deluxe B





Honey Villas



Eden Suite



Junior Suite





Golf Club







Myanma Apex Bank®

Account No : 0020123002015910017 (MMK)

Name : M/S EDEN GROUP CO;LTD

WIN MIN KHINE 12/AHSANA(N)065910

CHIT KHINE 12/AHSANA(N)078263

Address : NO(30/31) SHWE PADAUK YEIK MON, KAYAYUT TSP

SNo	Date	Trans. Type	Narrative	Cheque No.	Debit Amount	Credit Amount	Balance
1	11/08/2017	B/F					773,093,385.11
2	11/08/2017	MSC	POL CHARGES FOR 5I-3947,6H-4232,7F-6798,8J-3518			93,600.00	773,186,985.11
3	11/08/2017	CHD	049 MIN OO LWIN 09-780158159			25,000.00	773,211,985.11
4	11/08/2017	CHD	049 MIN OO LWIN			2,299,100.00	775,511,085.11
5	11/08/2017	CHD	044,win min moe			59,425,904.00	834,936,989.11
6	11/08/2017	CHD	049 KO PYAE SONE AUNG(DENKO)			6,677,300.00	841,614,289.11
7	11/08/2017	CHD	U HLA MYO AUNG			39,508,991.00	881,123,280.11
8	11/08/2017	CHD	083|U AUNG MIN TUN			66,498,968.00	947,622,248.11
9	11/08/2017	CHD	083| U AUNG MIN TUN			31,000.00	947,653,248.11
10	11/08/2017	CHD	083|U AUNG MIN TUN			2,929,310.00	950,582,558.11
11	11/08/2017	AAT	ACCOUNT TO ACCOUNT TRANSFER			400.00	950,582,958.11
12	14/08/2017	CHD	044,WIN MIN MOE			178,150,172.00	1,128,733,130.11
13	14/08/2017	CHD	049 Ko Pyae Sone			164,995.00	1,128,898,125.11
14	14/08/2017	CHD	U HLA MYO AUNG			101,864,588.00	1,230,762,713.11
15	14/08/2017	CHD	083			98,058,018.00	1,328,820,731.11
16	14/08/2017	CHD	Cash Deposit			1,586,235.00	1,330,406,966.11
17	14/08/2017	AAT	ACCOUNT TO ACCOUNT TRANSFER			230.00	1,330,407,196.11
18	15/08/2017	CHD	U HLA MYO AUNG			38,090,375.00	1,368,497,571.11
19	15/08/2017	CHD	044,U WIN MIN MOE			54,800,305.00	1,423,297,876.11
15/08/2017		Balance					1,423,297,876.11

Previous Balance	+	Total Deposit	-	Total Withdrawl	=	Total Balance
773,093,385.11	+	650,204,491.00	-	0.00	=	1,423,297,876.11

No. of Cash Withdrawls = 0

No. of Cash Deposit = 15

No. of Transfer Withdrawls = 0

No. of Transfer Deposit = 3

Assistant Manager
Myanma Apex Bank Ltd;
Kamaryut-2 (Sinmalite) Branch

Printed by LCY

21/8/2017 12:02:05 PM



Myanma Apex Bank®



Account No : 9960213996000318014 (USD)

Name : EDEN GROUP CO-LTD 233/ 1991- 1992

U CHIT KHINE 12/AHSANA(N)078263

U WIN MIN KHINE 12/AHSANA(N)065910

U WUNNA KHINE 12/AHSANA(N)019410

Address : NO.30,SHWE PADAUK YEIK MON, BAYINTNAUNG MAIN ROAD, KAMARYUT TSP,YANGON,MYANMAR

SNo	Date	Trn Code	Particular	Description	Debit Amount	Credit Amount	Balance
1	10/08/2017	B/F					307,088.57
2	10/08/2017	AAT		A/C TR FROM 9960213996014624012 TO 9960213996000318014		1,000.00	308,088.57
3	10/08/2017	AAT		A/C TR FROM 9960213996014622017 TO 9960213996000318014		1,000.00	309,088.57
4	10/08/2017	AAT		A/C TR FROM 9960213996014625015 TO 9960213996000318014		2,000.00	311,088.57
5	10/08/2017	AAT		A/C TR FROM 9960213996002041013 TO 9960213996000318014		5,000.00	316,088.57
6	11/08/2017	AAT		A/C TR FROM Sundry A/C Settlement Transaction A/C TO EDEN GROUP CO-LTD		2,700.00	318,788.57
7	11/08/2017	BRT		OTHER BANK CHARGES FOR USD-12300	30.13		318,758.44
8	11/08/2017	OCT		OUTWARD TT FOR THB-9700000	293,317.21		25,441.23
9	11/08/2017	COM		OUTWARD TT FOR THB-9700000	366.65		25,074.58
10	11/08/2017	SWF		OUTWARD TT FOR THB-9700000	5.00		25,069.58
11	11/08/2017	BRT		OTHER BANK CHARGES FOR THB-9700000	10.00		25,059.58
12	11/08/2017	CHD		Cash Deposit		6,499.00	31,558.58
13	11/08/2017	CFY		Cash Deposit	19.50		31,539.08
14	15/08/2017	AAT		A/C TR FROM 9960213996001934013 TO 9960213996000318014		2,000.00	33,539.08
15	15/08/2017	AAT		A/C TR FROM 9960213996014625015 TO 9960213996000318014		2,500.00	36,039.08
16	15/08/2017	AAT		A/C TR FROM 9960213996014624012 TO 9960213996000318014		2,000.00	38,039.08
17	15/08/2017	AAT		A/C TR FROM 9960213996014622017 TO 9960213996000318014		3,000.00	41,039.08
18	15/08/2017	CHD		001		24,500.00	65,539.08
19	16/08/2017	AAT		AC TR		3,000.00	68,539.08
20	16/08/2017	AAT		AC TR		11,000.00	79,539.08
21	16/08/2017	AAT		AC TR		1,500.00	81,039.08
22	16/08/2017	AAT		AC TR		2,500.00	83,539.08

 Printed by FCY 16/8/2017 02:25:16 PM



Myanma Apex Bank®

16/08/2017	Balance	83,539.08

Previous Balance	+	Total Deposit	-	Total Withdrawl	=	Total Balance
307,088.57	+	70,199.00	-	293,748.49	=	83,539.08

No. of Cash Withdrawls = 0
No. of Cash Deposit = 2

No. of Transfer Withdrawls = 6
No. of Transfer Deposit = 13

Unless the Bank is immediately notified of any discrepancy found in the statement of account it will be taken that the account has been found correct.

16/8/17

MANAGER
ACCOUNTS DEPARTMENT

Foreign Banking TPU Branch
No.207, Thein Phyu Street (middle) Botahtaung Township
Yangon, Myanmar

လုပ်သားများ၏လူမှုဖူလုံရေး၊ သက်သာချောင်ချိရေးအစီအမံများ

(၁) ဝန်ထမ်းများအတွက် သီးသန့် Locker များထားရှိ၍ နားနေဆောင်၊ အဝတ်လဲခန်းများ သတ်မှတ်ပေးထားမည်ဖြစ်ပါသည်။

(၂) ဝန်ထမ်းများအတွက် အဆောင်များ ဆောက်လုပ်ပေးမည်ဖြစ်ပြီး အဆောင်မနေသော ဝန်ထမ်းများအတွက် အကြိုအပို့ကား စီစဉ်ပေးမည်ဖြစ်ပါသည်။

(၃) ဝန်ထမ်းများအား သတ်မှတ်ထားသော အလုပ်ချိန်ထက် ကျော်လွန်ပြီး အချိန်ပို လုပ်ကိုင်ရပါက ထိုက်သင့်သော အချိန်ပိုကြေးကို ခံစားစေမည်ဖြစ်ပါသည်။

(၄) ဝန်ထမ်းများကို Canteen တွင် သန့်ရှင်းသပ်ရပ်စွာ စားသုံးနိုင်ရန် ထမင်းစားခုံ၊ ကုလားထိုင်၊ ဆပ်ပြာ၊ သန့်ရှင်းရေးသုံးပစ္စည်းများ စနစ်တကျထားရှိပေးမည်ဖြစ်ပါသည်။

(၅) ဝန်ထမ်းအမျိုးသား နှင့် အမျိုးသမီးများအတွက် ရေချိုးခန်း၊ အိမ်သာများကိုလည်း အလုံအလောက် သီးသန့်စီခွဲထားပေးမည်ဖြစ်ပါသည်။

(၆) ဝန်ထမ်းများ ဗဟုသုတတိုးပွားစေရန်အတွက် သီးသန့်အခန်းတစ်ခန်းတွင် သတင်းစာ၊ စာစောင် နှင့် အခြား ဖတ်သင့်သော စာအုပ်စာစောင်များ ဝယ်ယူထားရှိပေးမည်ဖြစ်ပါသည်။

(၇) ဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှု နှင့် ပဏာမ ကုသမှုများ ပြုလုပ်နိုင်ရန်အတွက် ကျန်းမာရေး ဆေးခန်းကို စီစဉ်ပေးမည်ဖြစ်ပါသည်။

ထို့ပြင် ဤကုမ္ပဏီအနေဖြင့် အလုပ်သမားများကို ဥပဒေနှင့်အညီဆောင်ရွက်စေပြီး တည်ဆဲဥပဒေများကို လိုက်နာစေရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်မည့်အစီအမံများ

(၁) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လုပ်ငန်းမှထွက်ရှိသောအမှိုက်များ၊ စွန့်ပစ်ပစ္စည်းများကို အမှိုက်အိတ်များဖြင့်ထည့်၍ စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) ရေဆိုးများ၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၃) ခြင်၊ ယင် နှင့် ပိုးမွှားတိရိစ္ဆာန်များ ပေါက်ပွားမှု လျော့နည်းစေရန် ပိုးသတ်ဆေးပက်ဖြန်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၄) မီးဘေးအန္တရာယ်လုံခြုံရေးအတွက် ဆောင်ရွက်ရမည့်အစီအစဉ်များကို စီမံချက်များရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၅) ဟိုတယ်အတွင်းအပြင် သန့်ရှင်းသပ်ရပ်မှုရှိအောင် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၆) ဂေါက်ကွင်းအတွင်း စိမ်းလန်းစိုပြေမှုရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၇) မကောင်းသောအနံ့အသက်များ၊ ညစ်ညမ်းသောအနံ့များမရှိရအောင် ဂရုစိုက်၍အစီအမံများ စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့ပြင် ကုမ္ပဏီအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ နှင့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

မီးဘေးလုံခြုံရေးအတွက်အစီအမံများ

(၁) ဟိုတယ်နှင့်ဂေါက်ကွင်းလုပ်ငန်းများတွင် အသုံးပြုရန် နှင့် မီးငြိမ်းသတ်ရန်အတွက် ဂါလံ (၁၀၀,၀၀၀)ဆန့် ရေလှောင်ကန်(၁)လုံး၊ ဂါလံ (၈၀,၀၀၀)ဆန့် ရေလှောင်ကန်(၁)လုံး၊ ဂါလံ (၄၀,၀၀၀)ဆန့် ရေလှောင်ကန် (၁)လုံး၊ ဂါလံ (၃၀,၀၀၀)ဆန့် ရေလှောင်ကန်(၆)လုံး နှင့် ဂါလံ (၁၃,၀၀၀)ဆန့် ရေလှောင်ကန်(၂)လုံး ထားရှိပါသည်။

(၂) မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်မှုအနေဖြင့် ဂေါက်ကွင်းရှိရုံးခန်းများ နှင့် ဟိုတယ်အခန်းများ အနီးတွင် မီးသတ်ဆေးဗူးများ စနစ်တကျထားရှိပါသည်။

(၃) ရေလှောင်ကန်များမှတဆင့် ရေသွယ်တန်းနိုင်ရန်အတွက် မီးသတ်ပန့်များ၊ မီးသတ်ပိုက်များကို တပ်ဆင်ထားမည်ဖြစ်ပါသည်။

(၄) ထို့ပြင် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ/နည်းဥပဒေများနှင့် လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လူမှုအကျိုးပြုလုပ်ငန်း (CSR) ဆောင်ရွက်မှုအစီအမံများ

ဧဒင်အုပ်စုကုမ္ပဏီလီမိတက်သည် ညီနောင်ကုမ္ပဏီများဖြစ်သော ဒန်ကိုရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၊ ဧဒင်ဟိုတယ်နှင့်အပန်းဖြေလုပ်ငန်းများကုမ္ပဏီလီမိတက်၊ မြန်မာ့ရှေ့ဆောင်ဘဏ်တို့နှင့်အတူ လူမှုအကျိုးပြု လုပ်ငန်းများ (CSR) ဆောင်ရွက်ရန်အတွက် သင်္ဂဟဖောင်ဒေးရှင်းအသင်းကို မှတ်ပုံတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါ သည်။ ၎င်းအသင်းမှ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

စစ်ထောက်ချုပ်ရုံး

နှင့်

ဒေဝင်ဟိုတယ်နှင့်အပန်းဖြေလုပ်ငန်းများကုမ္ပဏီလီမိတက်

တို့၏

ကာကွယ်ရေးဝန်ကြီးဌာနပိုင် အေးသာယာဂေါက်ကွင်း

မြေ(၂၄၇. ၀၆)ဧကအား

(B.O.T) စနစ်ဖြင့်

ငှားရမ်းခြင်းသဘောတူစာချုပ်မူကြမ်း

နေရာ။ နေပြည်တော် ။

ရက်စွဲ။ - - ၂၀၁၇ ။

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့ရှိ တပ်မတော်ပိုင် အေးသာယာဂေါက်ကွင်း မြေ (၂၄၇. ၀၆) ဧကအား B.O.T စနစ်ဖြင့် ငှားရမ်းခြင်းသဘောတူစာချုပ်

(၁) ဤသဘောတူစာချုပ်ကို ၂၀၁၇ ခုနှစ် ၊ လ ( )ရက်နေ့တွင် နေပြည်တော်၌ ၊ ရာထူး ကိုယ်စားပြုသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ၊ စစ်ထောက်ချုပ်ရုံး၊ နေပြည်တော် (နောင်တွင် 'အငှားချထားသူ' ဟု ခေါ်တွင်စေပြီး ယင်းစကားရပ်တွင် အငှားချထားသူ၏ ဆက်ခံသူများ၊ ဥပဒေအရခွင့်ပြုထားသည့် လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်ဟုမှတ်ယူရမည်) ကတစ်ဖက်နှင့်

(၂) ဦးဝဏ္ဏခိုင် ၊ ၁၂/အစန(နိုင်)၀၁၉၄၁၀ ၊ ဒါရိုက်တာ ကိုယ်စားပြုသော မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ်-၃၂/ဒီ တွင်တည်ရှိသော ဇဒင်ဟိုတယ်နှင့်အပန်းဖြေလုပ်ငန်းများကုမ္ပဏီလီမိတက် (နောင်တွင် 'အငှားချထားခြင်းခံရသူ' ဟု ခေါ်တွင်စေပြီး ယင်းစကားရပ်တွင် အငှားချထားခြင်းခံရသူ၏ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ၊ ဆက်ခံသူများနှင့် တရားဝင်ကိုယ်စားလှယ်များပါဝင်သည်ဟု မှတ်ယူရမည်) က အခြားတစ်ဖက်တို့သည် အောက်ပါစည်းကမ်းချက်များ နှင့်အညီ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုကြပါသည်။

ရည်ရွယ်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှုများနှင့်အညီ ပြည်တွင်း/ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များအား ကာကွယ်ရေးဝန်ကြီးဌာနပိုင် မြေများငှားရမ်း၍ နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းများ ဆောက်လုပ်ခြင်းဖြင့် ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း နှင့် စီးပွားရေးဖွံ့ဖြိုးမှုများ ပိုမိုတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချုပ်ဆိုခြင်းဖြစ်ပါသည်။

အာမခံခြင်းနှင့်ကိုယ်စားပြုခြင်း

၂။ အငှားချထားသူသည် နောက်ဆက်တွဲများတွင် အသေးစိတ်ဖော်ပြထားသော အငှားချထားသည့် တပ်မတော်ပိုင် အေးသာယာဂေါက်ကွင်းမြေ (၂၄၇. ၀၆)ဧကကို ဥပဒေအရ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ကြောင်း အာမခံပါသည်။ အငှားချထားခြင်းခံရသူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ အထက်ပါမြေကို ငှားရမ်းပြီး ဂေါက်ကွင်းလုပ်ငန်း နှင့် ဟိုတယ်လုပ်ငန်များ လုပ်ကိုင်ရန် စာချုပ်ကိုအကောင်အထည်ဖော်ရန် ငွေကြေးအင်အား ပြည့်စုံသူဖြစ်ပြီး အငှားချထားသူ နှင့် အငှားချထားခြင်းခံရသူတို့သည် စာချုပ်တွင် လက်မှတ်ရေးထိုးချုပ်ဆို ခွင့်ရှိသူများဖြစ်ကြောင်းနှင့် ဥပဒေအရ လုပ်ပိုင်ခွင့်ရှိသူများဖြစ်ကြောင်း အသီးသီးအာမခံပါသည်။

ငှားရမ်းသည့်မြေတည်နေရာနှင့်ငှားရမ်းသည့်ပစ္စည်း

၃။ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့ရှိ တပ်မတော်ပိုင် အေးသာယာဂေါက်ကွင်းရှိ ပူးတွဲ(၁)ဖြင့် တင်ပြထားသော မြေပုံတွင် အနီအမှတ်အသားပြထားသည့် ဘောင်အတွင်းရှိ မြေဧရိယာ (၂၄၇. ၀၆)ဧက နှင့် ၎င်းမြေပေါ်ရှိ အေးသာယာဂေါက်ကွင်း၊ ဟိုတယ်၊ ဂေါက်ကလပ်အဆောက်အအုံ၊ တည်းခိုနားနေဆောင်များကို ငှားရမ်း၍ ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်။

ငှားရမ်းခြင်းကာလ

၄။ B.O.T စာချုပ်လက်မှတ်ရေးထိုးသည့် (- -၂၀၁၇)ရက်မှစတင်၍ ပြင်ဆင်တည်ဆောက်ရေးကာလ (၂)နှစ်အဖြစ်သတ်မှတ်သည်။ ကနဦးနှစ်(၅၀)ကို ပြင်ဆင်တည်ဆောက်ရေးကာလပြီးဆုံးသည့် (- -၂၀၁၉)ရက်မှ (- -၂၀၆၉) ရက်အထိ သတ်မှတ်ပြီး ကနဦးသက်တမ်းကုန်ဆုံးပါက တစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့် သက်တမ်းနှစ်ကြိမ်အထိ တိုးမြှင့်ငှားရမ်းနိုင်သည်။

ဆောင်ရွက်မည့်လုပ်ငန်း

၅။ ဂေါက်ကွင်းလုပ်ငန်း နှင့် ဟိုတယ်လုပ်ငန်များ ဆောင်ရွက်ပါမည်။

ရင်းနှီးမြှုပ်နှံမှုပမာဏ

၆။ ခန့်မှန်းရင်းနှီးမြှုပ်နှံမှုမှာ ကျပ် (၂၅,၁၁၄. ၈၉)သန်း ဖြစ်ပါသည်။

MOA စာချုပ်ချုပ်ဆိုခြင်း

၇။ ကြိုတင်သဘောတူညီမှုမှတ်တမ်းလွှာ (MOA) စာချုပ်ကို BOT စာချုပ်မချုပ်ဆိုမီ ကြိုတင်သဘောတူညီချက်များ ညှိနှိုင်း၍ ချုပ်ဆိုခြင်းဖြစ်ပြီး BOT စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ငှားရမ်းခနှုန်းထားနှင့် ငွေပေးချေခြင်းနည်းလမ်း

၈။ အငှားချထားခြင်းခံရသူသည် အဆိုပါမြေ (၂၄၇. ၀၆) ဧကကို BOT စနစ်ဖြင့် ငှားရမ်းခြင်းအတွက် အောက်ဖော်ပြပါငှားရမ်းခနှုန်းထားများအတိုင်း ပေးဆောင်ရမည် -

(က) BOT စာချုပ်ချုပ်ဆိုပြီးနောက် ပြင်ဆင်တည်ဆောက်ရေးကာလ(၂)နှစ်ဖြစ်သော (- -၂၀၁၇) ရက်မှ (- -၂၀၁၉) ရက်အထိ မြေငှားရမ်းခ ကင်းလွတ်ခွင့်ပြုပြီး ပြင်ဆင်တည်ဆောက်ရေးကာလပြီးဆုံးသည့် (- -၂၀၁၉)ရက်မှစ၍ မြေငှားရမ်းခ တွက်ချက်ရမည်။

(ခ) ငှားရမ်းခနှုန်းထား

- နှစ်စဉ်မြေငှားရမ်းခအဖြစ် အောက်ပါအတိုင်း ပေးသွင်းရမည် -

(၁) ဂေါက်ကွင်းလုပ်ငန်းအတွက် တစ်လလျှင် မြန်မာငွေကျပ်သိန်း (၅၀)နှုန်းဖြင့် တစ်နှစ်စာအတွက် ကျပ်သိန်း(၆၀၀)၊

(၂) ဟိုတယ်လုပ်ငန်းအတွက် တစ်လလျှင် မြန်မာငွေကျပ် (၇၅)သိန်းနှုန်းဖြင့် တစ်နှစ်စာအတွက် ကျပ်သိန်း(၉၀၀)နှင့် လက်ရှိဖွင့်လှစ်ထားသော ဟိုတယ်(၇၄)ခန်း၏ စုစုပေါင်း အိပ်ခန်းဧရိယာ (2430.8 Sqm) အတွက် တစ်လလျှင် (1418 US$) နှုန်းဖြင့် တစ်နှစ်စာအတွက် (17016 US$) နှစ်မျိုးလုံးဖြင့် နှစ်(၅၀) ပေးသွင်းပါမည်။

နှစ်စဉ်ငှားရမ်းခပေးသွင်းခြင်းအား နိုင်ငံခြားငွေ Exchange Rate ပြောင်းလဲမှုပေါ်မူတည်၍ US$ နှင့်ညီမျှသော မြန်မာငွေကို ပေးသွင်းနိုင်သည်။

(ဂ) မြေအသုံးချမှုပရီမီယံကြေး

- မြေအသုံးချမှုပရီမီယံကြေးအား -

(၁) ဂေါက်ကွင်းလုပ်ငန်းအတွက် တစ်ဧကလျှင် မြန်မာငွေ ကျပ် (၄. ၃၅၂)သိန်းနှုန်းဖြင့် (၂၁၇. ၀၆)ဧက အတွက် ကျသင့်ငွေ (၉၄၅)သိန်း၊

(၂) ဟိုတယ်လုပ်ငန်းအတွက် တစ်ဧကလျှင် မြန်မာငွေကျပ် (၁၀)သိန်းနှုန်းဖြင့် (၃၀)ဧက အတွက် ကျသင့်ငွေ (၃၀၀)သိန်းတို့အား -

- M.O.A စာချုပ်လက်မှတ်ရေးထိုးပြီး (၁)လအတွင်း Land Use Premium ၏ (၂၀%) အား လည်းကောင်း၊
- M.O.A စာချုပ်လက်မှတ်ရေးထိုးပြီး (၆)လအတွင်း Land Use Premium ၏ (၂၀%) အား လည်းကောင်း၊
- M.O.A စာချုပ်လက်မှတ်ရေးထိုးပြီး (၁)နှစ်ပြည့်လျှင် Land Use Premium ၏ (၂၀%) အား လည်းကောင်း၊
- M.O.A စာချုပ်လက်မှတ်ရေးထိုးပြီး (၁၈)လပြည့်လျှင် Land Use Premium ၏ (၂၀%) အား လည်းကောင်း၊
- Grand Opening မတိုင်မီ (၇)ရက်အတွင်း Land Use Premium ၏ (၂၀%) အား လည်းကောင်း

  (၅)ကြိမ်ခွဲပြီး ပေးသွင်းရမည်ဖြစ်ရာ အငှားချထားခြင်းခံရသူသည် မြေအသုံးချမှု ပရီမီယံကြေးအဖြစ် ဂေါက်ကွင်းလုပ်ငန်းအတွက် ကျသင့်ငွေကျပ် (၉၄၅)သိန်း ၊ ဟိုတယ် လုပ်ငန်းအတွက် ကျသင့်ငွေကျပ် (၃၀၀)သိန်း စုစုပေါင်းကျပ် (၁,၂၄၅)သိန်းကို (၅)ကြိမ် ခွဲ၍ ပေးသွင်းပြီးဖြစ်ပါသည်။
- စီးပွားဖြစ်စတင်သည့်နေ့ (Grand Opening Date) ကို ဤစာချုပ်၏တည်ဆောက်ရေး ကာလ စေ့ရောက်သည့်နေ့ (သို့မဟုတ်) ဖော်ပြပါလုပ်ငန်းများ ပြီးစီးသည့်နေ့ ထိုနေ့ နှစ်ရပ်အနက် စောသည့်နေ့ကိုသတ်မှတ်ရမည်။
- မြေအသုံးချမှုပရီမီယံကြေးကို အထက်ပါသဘောတူညီချက်အတိုင်း အချိန်မီပေးချေခြင်း မပြုပါက ကျော်လွန်သည့်တစ်ရက်လျှင် ပေးချေရမည့်ငွေ၏ (၀. ၀၅%) (ဒသမသုညငါး ရာခိုင်နှုန်း) နှင့်ညီမျှသောငွေကို ဒဏ်ကြေးအဖြစ် အငှားချထားခြင်းခံရသူက ပေးဆောင် ရမည်။

(ဃ) ငွေပေးသွင်းရာတွင် မြန်မာငွေ နှင့် နိုင်ငံခြားငွေများကို ကာကွယ်ရေးရငွေစာရင်းအမှတ်၊ အမ်ဒီ-၀၁၀၄၂၄ သို့ ပေးသွင်းရန်နှင့် ငွေသွင်းပြေစာမူရင်းများ ပေးပို့ရမည်။

(င) ငှားရမ်းခများကို ပေးဆောင်ရန်အချိန်စေ့ရောက်ပြီးသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း အငှားချထားခြင်းခံရသူက အထက်အပိုဒ်(ဃ)ပါ ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရမည်။

(စ) နှစ်စဉ်ငှားရမ်းခကို အထက်အပိုဒ်(ခ)ပါ သဘောတူညီချက်အတိုင်း အချိန်မီပေးချေခြင်းမပြုပါက ကျော်လွန်သည့်တစ်ရက်လျှင် ပေးချေရမည့်ငွေ၏ (၀. ၀၅%) (ဒသမသုညငါးရာခိုင်နှုန်း)နှင့် ညီမျှသောငွေကို ဒဏ်ကြေးအဖြစ် အငှားချထားခြင်းခံရသူက ပေးဆောင်ရမည်။

(ဆ) မူလအဆောက်အဦးအဟောင်းများအား အကြီးစားပြုပြင်ဆောင်ရွက်မည့်လုပ်ငန်းအားလုံးကို စာချုပ်ချုပ်ဆိုသည့်နေ့ (- -၂၀၁၇) ရက်မှ (- -၂၀၁၉) ရက်အထိ (၂)နှစ်အတွင်း

အပြီးဆောက်လုပ်၍ ဖွင့်လှစ်ရမည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ဖွင့်လှစ်နိုင်ခြင်းမရှိပါက ငှားရမ်းထားသောမြေနှင့် အဆောက်အဦးများကို အငှားချထားသူထံသို့ ပြန်လည်အပ်နှံရမည်ဖြစ်ပြီး အငှားချထားခြင်းခံရသူမှ ပေးသွင်းခဲ့သော မြေငှားရမ်းခများကို ပြန်လည်ထုတ်ပေးခြင်း ပြုလုပ်မည်မဟုတ်ပါ။

(ဇ) နှစ်စဉ်ငှားရမ်းခကို (၅)နှစ် (ငါးနှစ်) တစ်ကြိမ် နှစ်ဖက်ပြန်လည်ညှိနှိုင်းသုံးသပ်ရမည်။ အကယ်၍ ငှားရမ်းခထပ်မံတိုးမြှင့်မည်ဆိုပါက ယင်းတိုးမြှင့်မည့်နှုန်းသည် မူလငှားရမ်းခ၏ (၁၅%)ထက် မကျော်လွန်စေရ။

(ဈ) အဆောက်အဦးများအား ဖျက်သိမ်းသောလုပ်ငန်းများအတွက် ဖျက်သိမ်းသောအဆောက်အဦး၏ တန်ဖိုးကို သတ်မှတ်ထားသည့် တန်ဖိုးလျော့နှုန်းထားများအတိုင်း ပေးသွင်းရမည်။

အငှားချထားခြင်းခံရသူ၏ တာဝန်နှင့် အခွင့်အရေးများ

၉။ အငှားချထားခြင်းခံရသူသည် အောက်ပါ စည်းကမ်းများအား လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည် -

(က) အငှားချထားခြင်းခံရသူသည် အဆိုပြုတင်ပြထားသည့် စာချုပ်ပါ အဆောက်အဦးအကွက်ချပုံစံ (Site Plan) အဆောက်အဦးအမျိုးအစားအလိုက်၏အရေအတွက် နှင့် ပုံစံ (Drawing) များ အတိုင်းသာ ဆောက်လုပ်သွားရမည်ဖြစ်ပြီး ပြောင်းလဲပြင်ဆင်ဆောက်လုပ်လိုပါက အငှားချထားသူထံ ပြန်လည်တင်ပြ၍ အတည်ပြုချက်ရရှိပြီးမှသာ ဆောက်လုပ်ခွင့်ပြုရမည်။

(ခ) အငှားချထားခြင်းခံရသူသည် အငှားချထားစဉ်ကာလအတွင်း ယင်းမြေ၏လုပ်ငန်းအပြင် အငှားချထားသည့်မြေအားလုံးကိုသော်လည်းကောင်း၊ ယင်းမြေ၏ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ တစ်ဆင့်အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ ထုခွဲရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် တစ်ဆင့်လွှဲပြောင်းခြင်း မပြုလုပ်ရ။

(ဂ) ငှားရမ်းသည့်အချိန်ကာလအတွင်း မြေပေါ်တွင်တည်ဆောက်မည့် အဆောက်အဦးများကို မီးအာမခံနှင့် အခြားလိုအပ်သောအာမခံများကို မြန်မာ့အာမခံဥပဒေအရထားရှိရန်၊ အငှားချထားခြင်းခံရသူက တာဝန်ယူရမည်။

(ဃ) အငှားချထားခြင်းကိစ္စနှင့်စပ်လျဉ်း၍ မြေခွန်မှအပ အခြားစည်ပင်သာယာခွန်အပါအဝင် လုပ်ငန်းဆောင်ရွက်မှုနှင့်သက်ဆိုင်သော အခွန်အခအားလုံးကို အချိန်မှန်မှန်ပေးသွင်းရမည်။

(င) တည်ဆဲတံဆိပ်ခေါင်းခွန်ဥပဒေနှင့်အညီ ကျသင့်သောတံဆိပ်ခေါင်းခွန်နှင့် ငှားရမ်းခြင်းဝန်ဆောင်မှုအတွက်ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန်ကို ဥပဒေနှင့်အညီပေးဆောင်ရမည်။

(စ) နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများကိုလိုက်နာ၍ တရားဥပဒေနှင့်ငြိစွန်းသော လုပ်ငန်းရပ်များ လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်ရမည်။

(ဆ) စာချုပ်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် နည်းပညာအရသော်လည်းကောင်း၊ စီမံခန့်ခွဲမှုအရသော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုအရသော်လည်းကောင်း၊ အငှားချထားသူ၏ခွင့်ပြုချက်ဖြင့် အခြားကုမ္ပဏီ(၁)ခုနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ သို့ရာတွင် အငှားချထားခြင်းခံရသူအား ဤစာချုပ်ပါ တာဝန်များမှ ကင်းလွတ်ခွင့်ပြုမည်မဟုတ်ပါ။

အငှားချထားသူ၏တာဝန်များ

၁၀။ အငှားချထားသူသည် အောက်ပါစည်းကမ်းများအား လိုက်နာ ဆောင်ရွက်ရမည်ဖြစ်ပါသည် -

(က) အငှားချထားသူသည် ငှားရမ်းသည့်မြေခွန်ကို ပေးဆောင်ရမည်။

(ခ) အငှားချထားသူသည် ဖော်ပြပါလုပ်ငန်းများ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိရေးအတွက် လိုအပ်သော ခွင့်ပြုချက်များ အငှားချထားခြင်းခံရသူက ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ဂ) အငှားချထားခြင်းခံရသူအနေဖြင့် အငှားချထားစဉ်ကာလအတွင်း မြေကို ငြိမ်းချမ်းစွာနှင့် အေးဆေးစွာ အသုံးပြုပိုင်ခွင့်ရရှိမည်။

(ဃ) ဖော်ပြပါလုပ်ငန်းများ လုပ်ငန်းဆောင်ရွက်ရေးအတွက် ဥပဒေအရလိုအပ်သော ခွင့်ပြုချက်များ၊ လိုင်စင်များကို သက်ဆိုင်ရာဌာနများမှရရှိရန် ကူညီဆောင်ရွက်ရမည်။

(င) ဆောက်လုပ်မည့်အဆောက်အဦးများအတွက် ကန့်သတ်ချက်ရှိလာပါက အငှားချထားသူအနေဖြင့် အဆောက်အဦးများ ပြောင်းလဲဆောက်လုပ်ခြင်းကို စဉ်းစားဆောင်ရွက်ပေးရမည်။

မြေနှင့်အဆောက်အဦးလွှဲပြောင်းပေးအပ်ခြင်း

၁၁။ ဤသဘောတူစာချုပ်ပါ စာချုပ်သက်တမ်း ကုန်ဆုံးသည့်အခါ (သို့မဟုတ်) စာချုပ်ရပ်စဲသည့်အခါ စာချုပ်သက်တမ်းကုန်ဆုံးသည့်နေ့မှ (သို့မဟုတ်) စာချုပ်ရပ်စဲသည့်နေ့မှ (၃)လအတွင်း အငှားချထားခြင်းခံရသူက အငှားချထားသည့်မြေနှင့် အဆောက်အဦးများ၊ ၎င်းမြေပေါ်ရှိ အငှားချထားခြင်းခံရသူမှ ဆောက်လုပ်ထားသော အဆောက်အဦးနှင့်ပစ္စည်းများအားလုံး မည်သည့်အဖိုးစားနားမျှမပါရှိဘဲ အငှားချထားသူအား ကောင်းမွန်သော အနေအထားဖြင့် ပြန်လည်လွှဲပြောင်း ပေးအပ်ခြင်းပြုရမည်။ သို့ရာတွင် ဟိုတယ်လုပ်ငန်းနှင့် မြေပေါ်တွင် အငှားချထားခြင်းခံရသူမှ ဆောက်လုပ်ခဲ့သည့်အဆောက်အဦးတွင် တပ်ဆင်ထားသည့် (Fixture) ပစ္စည်းများမှအပ ကျန်ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများအားလုံးကို အငှားချထားခြင်းခံရသူမှ ယူဆောင်သွားခြင်းပြုနိုင်သည်။

စာချုပ်သက်တမ်းတိုးခြင်း

၁၂။ စာချုပ်သက်တမ်းနှင့် စာချုပ်သက်တမ်းတိုးခြင်းတို့အား အောက်ပါစည်းကမ်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရမည် -

(က) ဤသဘောတူစာချုပ်၏ စာချုပ်သက်တမ်းမှာ (   )ရက်နေ့မှ (   )ရက်နေ့အထိ နှစ်(၅၀) ဖြစ်ပါသည်။

(ခ) အငှားချထားခြင်းခံရသူသည် စာချုပ်သက်တမ်းတိုးမြှင့်လိုပါက ကနဦးသက်တမ်း မကုန်ဆုံးမီ အနည်းဆုံး(၃)လကြိုတင်၍ အငှားချထားသူသို့ စာဖြင့်အကြောင်းကြားတင်ပြရမည်။ ကနဦး နှစ်(၅၀) ငှားရမ်းပြီး နှစ်ဖက်သဘောတူညီချက်ရရှိပြီးပါက တစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့် သက်တမ်း (၂)ကြိမ်အထိ စာချုပ်သက်တမ်းတိုးမြှင့်နိုင်သည်။ သက်တမ်းတိုးမြှင့်ခြင်းသည် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်စေရမည်။

စာချုပ်အကျိုးသက်ရောက်မည့်နေ့ရက်

၁၃။ ဤစာချုပ်သည် အငှားချထားသူ နှင့် အငှားချထားခြင်းခံရသူတို့ တရားဝင်လက်မှတ်ရေးထိုးသည့်နေ့မှ စတင်၍ အကျိုးသက်ရောက်စေရမည်။

အငြင်းပွားမှုဖြေရှင်းခြင်း

၁၄။ ဤမြေငှားစာချုပ်မှ အငြင်းပွားမှုပေါ်လာပါက ထိုအငြင်းပွားမှုကို နှစ်ဦးနှစ်ဖက်ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းကြရမည်။ ဤကဲ့သို့ ညှိနှိုင်းဖြေရှင်းမရပါက ၂၀၁၆ခုနှစ်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (၂၀၁၆ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၊ ၅) နှင့်အညီ ဆောင်ရွက်ရမည်။

စာချုပ်ရပ်စဲခြင်း

၁၅။ (က) ဤစာချုပ်ကို ချုပ်ဆိုသူများသည် အောက်ဖော်ပြပါ အကြောင်းအချင်းရာတစ်ရပ်ရပ်ဖြစ်ပေါ်လာလျှင် စာချုပ်ကို ရပ်စဲခွင့်ရှိစေရမည် -

(၁) ဤစာချုပ်ပါ တာဝန်များနှင့် စည်းကမ်းချက်တစ်ရပ်ရပ်ကို စာချုပ်ဝင်တစ်ဖက်ဖက်က ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(၂) မလွန်ဆန်နိုင်သောဖြစ်ရပ်သည် တစ်ဆက်တည်း(၆)လ ကာလကြာမြင့်ခြင်း၊

(၃) လုပ်ငန်း၏ မူလရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်စွမ်းမရှိတော့ခြင်း၊

(၄) နှစ်ဖက်သဘောတူစာချုပ်ရပ်စဲခြင်း၊

(၅) စာချုပ်သက်တမ်းကုန်ဆုံးခြင်း၊

(ခ) ဤစာချုပ်ချုပ်ဆိုသူများ၏ လုပ်ငန်းရပ်စဲလိုကြောင်း စာဖြင့်ရေးသားတင်ပြချက်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပြီးနောက်မှသာ အကျိုးသက်ရောက်မှုရှိစေရမည်။

(ဂ) အထက်ဖော်ပြပါ အကြောင်းအရာများကြောင့် စာချုပ်ရပ်စဲသည့်အခါ စာချုပ်ရပ်စဲပြီးနောက် (၃)လအတွင်း မြေနှင့်တကွ မြေပေါ်ရှိအဆောက်အဦး၊ တပ်ဆင်ထားသောပစ္စည်းများအပါအဝင် စာချုပ်အပိုဒ်(၇)နှင့်အညီ အငှားချထားခြင်းခံရသူက အငှားချထားသူသို့ အဖိုးစားနားမဲ့ ပြန်လည်ပေးအပ်ရမည်။

ညှိနှိုင်းဆွေးနွေးခြင်းနှင့်စာချုပ်ပြင်ဆင်ခြင်း

၁၆။ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာသည့်အခြေအနေများ (သို့မဟုတ်) စည်းကမ်းချက်များသည် ဤသဘောတူစာချုပ် စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိဘဲ ပြင်ဆင်ဖြည့်စွက်ပြောင်းလဲရန် လိုအပ်လာလျှင် စာချုပ်ဝင်နှစ်ဦးနှစ်ဖက်စလုံး လိုအပ်သော ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး စာချုပ်ကို နှစ်ဦးသဘောတူစာဖြင့် ပြင်ဆင်ချုပ်ဆိုနိုင်သည်။ ထိုသို့ ပြင်ဆင်ချက်များသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က သဘောတူမှသာလျှင် အတည်ဖြစ်စေရမည်။

ဓါတ်သတ္တုအရင်းအမြစ်များ နှင့် ရတနာများ

၁၇။ ဤစာချုပ်၏သက်တမ်းကာလအတွင်း ငှားရမ်းထားသော မြေ၏မြေပေါ်မြေအောက်အတွင်းမှ မမျှော်လင့်ဘဲ ဓါတ်သတ္တုအရင်းအမြစ်များ၊ ကျောက်မျက်ရတနာများနှင့် သဘာဝသယံဇာတများ၊ ရှေးဟောင်းပစ္စည်းများကို တွေ့ရှိလျှင် သက်ဆိုင်ရာ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့အစည်းသို့ ချက်ချင်းအကြောင်းကြား တင်ပြပေးရမည်။ ထိုပစ္စည်းများကို နိုင်ငံတော်ကပိုင်ဆိုင်ပြီး နိုင်ငံတော်ကခွင့်ပြုလျှင် သက်ဆိုင်ရာအဖွဲ့အစည်းသည် လွတ်လပ်စွာ တူးဖော်ရယူခွင့်ရှိစေရမည်။

မလွန်ဆန်နိုင်သောဖြစ်ရပ်များ

၁၈။ မလွန်ဆန်နိုင်သောဖြစ်ရပ်များဆိုသည်မှာ သဘာဝအလျှောက် ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုးရေး နှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင်တစ်ဖက်ဖက်က လိုအပ်သော သတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန်မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး၊ ယင်းမလွန်ဆန်နိုင်သောဖြစ်ရပ်များကြောင့် ငှားရမ်းသုံးစွဲမှုကို ထိခိုက်ဆုံးရှုံးစေလျှင် အငှားချထားခြင်းခံရသူသည် အငှားချထားသူသို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံခွင့်မရှိစေရ။ ထိုသို့ မလွန်ဆန်နိုင်သောဖြစ်ရပ်ပေါ်ပေါက်လာပါက ယင်းဖြစ်ရပ်ဖြစ်ပေါ်သည့်အချိန်မှ (၁၄)ရက်အတွင်း အငှားချထားခြင်းခံရသူသည် အငှားချထားသူသို့ ချက်ချင်း စာဖြင့် ရေးသားအကြောင်းကြားရမည်။ အငှားချထားသူက လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သောဖြစ်ရပ် မြောက်ပြီး မြေအသုံးပြုခွင့်နှင့် တိုက်ရိုက်သက်ဆိုင်သော ဖြတ်တောက်ကာလအပိုင်းအခြားအတွက် ငှားရမ်းခကို သက်သာခွင့်ပြုနိုင်သည်။

ဝန်ထမ်းများခန့်ထားခြင်း

၁၉။ လိုအပ်သော ဝန်ထမ်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဥပဒေများနှင့်အညီ အငှားချထားခြင်းခံရသူသည် ခန့်ထားပြီး၊ ယင်းတို့၏လစာများ၊ အခကြေးငွေများ၊ ခရီးစရိတ်များ၊ အခွင့်အရေးများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုသွားရမည်။ နိုင်ငံခြားသားဝန်ထမ်းများကို ခန့်ထားရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်။ နိုင်ငံခြားသားဝန်ထမ်းများ၊ ယင်းတို့၏မိသားစုများသည် မြန်မာနိုင်ငံတွင်နေထိုင်စဉ် မြန်မာနိုင်ငံ၏ဥပဒေများကို လေးစားလိုက်နာရန်နှင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် အငှားချထားခြင်းခံရသူက တာဝန်ယူရမည်။

ကင်းလွတ်ခွင့် သက်သာခွင့်များ

၂၀။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပြဋ္ဌာန်းထားသော အခွန်ကင်းလွတ်ခွင့်များ အကောက်အခွန်ကင်းလွတ်ခွင့်များနှင့် အခြားသက်သာခွင့်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ခံစားခွင့်ရရှိစေရန် အငှားချထားသူမှ ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း

၂၁။ အငှားချထားခြင်းခံရသူသည် စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရန်၊ ရေဆိုးများသန့်စင်စေရန်စီမံခြင်း၊ ရေလွှတ်စနစ်ထားရှိခြင်းတို့ကို အစီအမံပြုလုပ်ထားရမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် အကောင်အထည် ဖော်ဆောင်ရွက်ရမည်။

လုပ်ငန်းအကောင်အထည်ဖော်ရန် တာဝန်ယူသည့် ဘဏ်အာမခံ

၂၂။ အငှားချထားခြင်းခံရသူသည် ဤပဋိညာဉ်စာချုပ် ချုပ်ဆိုပြီးနောက် ရက်ပေါင်း ၄၅ (လေးဆယ့်ငါး)အတွင်း ဤပဋိညာဉ်စာချုပ်၏ အပိုဒ်-၆တွင် ဖော်ပြထားသော ခန့်မှန်းရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်၏ (၀. ၀၁)ရာခိုင်နှုန်း (နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေနှစ်ရပ်လုံးအတွက် သက်ဆိုင်သည့်အချိုးကျနှုန်းအတိုင်း) နှင့် ညီမျှသော

ငွေပမာဏကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ ဘဏ်တစ်ခုခုထံမှ ထုတ်ပေးသည့် ကြိုတင်စည်းကမ်းချက်များမရှိသည့် ပြန်လည်ရုတ်သိမ်းနိုင်ခွင့်မရှိသော လုပ်ငန်း အကောင်အထည်ဖော်ရန် တာဝန်ယူသည့် ဘဏ်အာမခံကို အငှားချထားသူထံသို့ ထုတ်ပေးရမည်။ အဆိုပါဘဏ်အာမခံ၏သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ တည်ဆောက်ရေးကာလ(၂)နှစ်အတွင်း (သို့မဟုတ်) ဖော်ပြပါလုပ်ငန်းများအားလုံး တည်ဆောက်ပြီးစီးသည့် ကာလအထိ တည်ရှိစေရမည်။ အငှားချထားခြင်းခံရသူသည် စာချုပ်လက်မှတ်ရေးထိုးပြီးနောက် တည်ဆောက်ရေးကာလ(၂)နှစ်အတွင်း အပြီးဆောက်လုပ်ရန်အပါအဝင် စာချုပ်စည်းကမ်းများကို လိုက်နာရန်ပျက်ကွက်ပါက ဘဏ်အာမခံငွေကို အငှားချထားသူက သိမ်းယူရမည်။ ဖော်ပြပါလုပ်ငန်းများတည်ဆောက်ပြီးစီးပါက ဘဏ်အာမခံငွေကို တည်ဆောက်ပြီး ရက်ပေါင်း (၃၀)အတွင်း အငှားချထားခြင်းခံရသူထံ ပြန်လည်ထုတ်ပေးရမည်။

စာပေးစာယူပြုလုပ်ရန်ကိစ္စ

၂၃။ စာပေးစာယူပြုလုပ်ရာတွင် မြန်မာဘာသာဖြင့် ရေးသား၍ မှတ်ပုံတင်စာပို့ခြင်း၊ လေကြောင်းစာပို့ခြင်း၊ အမြန်ချောပို့ခြင်း၊ တဲလက်စ်ဖြင့်ပို့ခြင်း၊ အီးမေးလ်၊ ဖက်စ်ဖြင့် ပို့ခြင်းတို့ကိုအသုံးပြု၍ အောက်ပါလိပ်စာအတိုင်း အချင်းချင်းဆက်သွယ်ရမည်။ လိပ်စာပြောင်းလဲခြင်းရှိပါက တစ်ဖက်သို့ ချက်ချင်းအသိပေး အကြောင်းကြားရမည်-

(က) **အငှားချထားသူ**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ထောက်ချုပ်ရုံး၊ နေပြည်တော်။

(ခ) **အငှားချထားခြင်းခံရသူ**

ဧဒင်ဟိုတယ်နှင့်အပန်းဖြေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ရန်ကုန်တိုင်းဒေသကြီး။

Telephone No: 01505676, 01500980 ~ 985

Fax No: 01500979

Email: eden.myanmar@gmail.com

မြေသို့ပြန်လည်ဝင်ရောက်ခွင့်

၂၄။ အငှားချထားခြင်းခံရသူသည် စာချုပ်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် (သို့မဟုတ်) လိုက်နာရန်ပျက်ကွက်ခြင်းကြောင့် အငှားချထားသူက ယင်းကဲ့သို့ ပျက်ကွက်မှုများကို ပြုပြင်ရန် (သို့မဟုတ်) လိုက်နာရန် အငှားချထားခြင်းခံရသူသို့ အကြောင်းကြားစာပေးပို့ပြီးနောက် အကြောင်းကြားစာပါ ကာလအတွင်း လိုက်နာမှု မရှိပါက အငှားချထားသူသည် အငှားချထားသည့်မြေနှင့် အဆောက်အဦးများကို ပြန်လည်ဝင်ရောက်၍ လက်ရောက်ရယူခွင့်ရှိသည်။ သို့ရာတွင် ယင်းသို့ဝင်ရောက်၍ လက်ရောက်ရယူခြင်းသည် အငှားချထားသူက အငှားချထားခြင်းခံရသူထံမှ ရရန်ရှိသောငှားရမ်းခ (သို့မဟုတ်) ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းဆိုခွင့်ကို ထိခိုက်ခြင်းမရှိစေရ။

အာမခံထားခြင်း

၂၅။ အငှားချထားခြင်းခံရသူသည် ပြည်ထောင်စုမြန်မာနိုင်ငံ၊ မြန်မာ့အာမခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သော အမျိုးအစားများကို သင့်လျော်သလို ထားရှိဆောင်ရွက်ရမည်။

အထွေထွေ


၂၆။ ဤစာချုပ်တွင်ပါရှိသည့် မြေပုံ၊ မြေရာဇဝင်စာရွက်စာတမ်း၊ ဂေါက်ကွင်းနှင့်ဟိုတယ် အဆောက်အဦးပုံစံများ၊ အထောက်အထားများသည် ဤသဘောတူစာချုပ်၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။ အထက်စာချုပ်ပါစည်းကမ်းချက်များကို 'အငှားချထားသူ' နှင့် 'အငှားချထားခြင်းခံရသူ' တို့ သေချာစွာဖတ်ရှုပြီး နှစ်ဦးနှစ်ဖက်သဘောတူလက်ခံပါသဖြင့် ၂၀၁၇ ခုနှစ်၊ လ ( )ရက်နေ့၌ အောက်ပါအသိသက်သေများရှေ့မှောက်တွင် 'အငှားချထားသူ' နှင့် 'အငှားချထားခြင်းခံရသူ' တို့က လက်မှတ်ရေးထိုးကြပါသည် -

အငှားချထားသူ(ကိုယ်စား) | **အငှားချထားခြင်းခံရသူ(ကိုယ်စား)**

လက်မှတ်	၊ ------------------	လက်မှတ်	၊ ------------------
အဆင့်/အမည်	၊ ------------------	အမည်	၊ ဦးဝဏ္ဏခိုင်
ပြန်တမ်းဝင်အမှတ်	၊ ------------------	မှတ်ပုံတင်အမှတ်	၊ ၁၂/အစန (နိုင်) ၀၁၉၄၁၀
ရာထူး	၊ ------------------	လိပ်စာ	၊ အမှတ်(100/F)၊အင်းယားလမ်း၊ (၉)ရပ်ကွက်၊ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
လိပ်စာ	၊ ------------------		

အသိသက်သေများ

လက်မှတ်	၊ ------------------	လက်မှတ်	၊ ------------------
အဆင့်/အမည်	၊ ------------------	အမည်	၊ ဒေါ်စောသုဝေ
ပြန်တမ်းဝင်အမှတ်	၊ ------------------	မှတ်ပုံတင်အမှတ်	၊ ၁၂/လမန (နိုင်) ၀၈၇၈၀၉
ရာထူး	၊ ------------------	လိပ်စာ	၊ အမှတ်(၂၂)၊အောင်ဓမ္မရိပ်သာလမ်း၊(၁၂)ရပ်ကွက်၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
လိပ်စာ	၊ ------------------		



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

စစ်ထောက်ချုပ်ရုံး

စာအမှတ်၊ ၁ / ၉၂၄ / တဒ / ထောက်၅က

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်

သို့

EDEN Group Co.,Ltd

အကြောင်းအရာ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ပြန်လည်တင်ပြရေး

ရည် ညွှန်း ချက်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၉-၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၂(၅) ၄-၄/နပတ(၁၄၀)

၁။ ကာကွယ်ရေးဝန်ကြီးဌာနပိုင် အေးသာယာဂေါက်ကွင်းမြေ ၂၄၇.၀၆ ဧကအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ထောက်ချုပ်ရုံးနှင့် EDEN Group Co.,Ltd တို့ ချုပ်ဆိုမည့်စာချုပ်မူကြမ်းအပေါ် ဥပဒေရှုထောင့်မှလေ့လာစိစစ်၍ သုံးသပ်အကြံပြုချက်များအား ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရည်ညွှန်းပါစာဖြင့် ပေးပို့လာခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သုံးသပ်အကြံပြုချက်များအတိုင်း ပြင်ဆင်၍ စာချုပ်မူကြမ်းအား ပြန်လည်တင်ပြသွားရန် အကြောင်းကြားအပ်ပါသည်။

စစ်ထောက်ချုပ်(ကြည်းတပ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရှေ့နေချုပ်ရုံး

စာအမှတ်၊ ၂(၅) ၄ - ၄ / နပတ(၁၄၀)

ရက်စွဲ၊ ၂၀၁၇ ခုနှစ် ၊ ဖေဖော်ဝါရီလ ၆ ရက်

သို့

စစ်ထောက်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

အကြောင်းအရာ။ **စစ်ထောက်ချုပ်ရုံးနှင့် EDEN Group Co., Ltd တို့အကြား ချုပ်ဆိုမည့် ကာကွယ်ရေးဝန်ကြီးဌာနပိုင် အေးသာယာဂေါက်ကွင်းမြေ (၂၄၇.၀၆)ဧကအား B.O.T စနစ်ဖြင့် ငှားရမ်းခြင်းသဘောတူစာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန်ကိစ္စ**

ရည် ညွှန်း ချက် ။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ထောက်ချုပ်ရုံး၏ ၁၈-၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁/၉၂၄/တဒ/ထောက် ၅ က

၁။ ကာကွယ်ရေးဝန်ကြီးဌာနပိုင် အေးသာယာဂေါက်ကွင်းမြေ (၂၄၇.၀၆) ဧကအား B.O.T စနစ်ဖြင့် ငှားရမ်းနိုင်ရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ထောက်ချုပ်ရုံးနှင့် EDEN Group Co., Ltd တို့ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ရည်ညွှန်းချက်ပါစာဖြင့် တင်ပြသောကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်ပါစာဖြင့် ပေးပို့လာသော စာချုပ် (မူကြမ်း)အား ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်း သုံးသပ်အကြံပြုပြန်ကြားအပ်ပါသည် -

(က) ရည်ညွှန်းချက်ပါစာနှင့် စာချုပ်(မူကြမ်း)၏ မျက်နှာဖုံးတို့တွင် EDEN Group Co., Ltd ဟုဖော်ပြထားပါသည်။ သို့သော် စာချုပ်(မူကြမ်း)၏

စာချုပ်ဝင်စာပိုဒ်နှင့် အပိုဒ် ၁၈(ခ)တို့၌ ဒေင်ဟိုတယ်နှင့် အပန်းဖြေလုပ်ငန်း ကုမ္ပဏီလီမိတက်ဟု ဖော်ပြထားပါသည်။ သို့ပါ၍ စာချုပ်အား မည်သည့် ကုမ္ပဏီနှင့် ချုပ်ဆိုမည်ဖြစ်ကြောင်း ပြန်လည်စိစစ်ပြီး စာချုပ်၏မျက်နှာဖုံး၊ စာချုပ်ဝင်စာပိုဒ်နှင့် အပိုဒ် ၁၈(ခ)တို့၌ ချုပ်ဆိုမည့် ကုမ္ပဏီ၏အမည်မှန်ကို ဖော်ပြရန်လိုအပ်ပါသည်။ ဌာနက ပြန်လည်စိစစ်ရန်ဖြစ်ပါသည်၊

(ခ) စာချုပ်(မူကြမ်း)၏မျက်နှာဖုံးနှင့်ခေါင်းစဉ်တို့၌ B.O.T စနစ်ဖြင့်ငှားရမ်းခြင်း သဘောတူစာချုပ်ဟု ဖော်ပြထားသော်လည်း စာချုပ်(မူကြမ်း)တွင် B.O.T စနစ်နှင့်သက်ဆိုင်သည့် တည်ဆောက် ၊ လုပ်ကိုင်၊ လွှဲပြောင်းခြင်း ဆိုင်ရာ စည်းကမ်းချက်များ ဖော်ပြထားခြင်းမရှိဘဲ မြေငှားရမ်းခြင်းနှင့်သက်ဆိုင်သည့် စည်းကမ်းချက်များဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ B.O.T စာချုပ်အား သီးခြားချုပ်ဆိုရန်လိုအပ်ပြီး B.O.T စာချုပ်ပါ စည်းကမ်းချက်များသည် မြေငှားစာချုပ်(မူကြမ်း)ပါ စည်းကမ်းချက်များနှင့် ညီညွတ်ရန် လိုအပ်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း) အပိုဒ် ၂ နှင့် အပိုဒ် ၃(က)တို့၌ ရည်ညွှန်းထားသော နောက်ဆက်တွဲများ၊ ပူးတွဲ(၁)ဖြင့် ဖော်ပြထားသောမြေပုံတို့သည် စာချုပ်(မူကြမ်း)တွင် ပူးတွဲပါရှိလာခြင်းမရှိ၍ စိစစ်နိုင်ခြင်းမရှိပါ။ နောက်ဆက်တွဲများသည် စာချုပ်၏တစ်စိတ်တစ်ဒေသဖြစ်သောကြောင့် စာချုပ်ချုပ်ဆိုချိန်၌ ပြည့်စုံစွာပူးတွဲဖော်ပြရန်နှင့် အငှားချထားမည့်မြေ၏ မြေပုံသည်သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနက တရားဝင်ရေးဆွဲသောမြေပုံဖြစ်ရန် လိုအပ်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း) အပိုဒ် ၃ ၌ အငှားချထားသည့်မြေတည်နေရာ၊ ငှားရမ်းခြင်း သက်တမ်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းတို့ကို ရောထွေးစွာဖော်ပြထားရာ

ရှင်းလင်းမှုရှိစေရန်အတွက် သီးခြားစာပိုဒ်၊ သီးခြားခေါင်းစဉ်များဖြင့် ဖော်ပြသင့်ပါသည်၊

(င) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၃(ခ)ငှားရမ်းကာလ၌ ကနဦးနှစ် (၅၀)၊ (---) ရက်နေ့မှ (-----) ရက်နေ့အထိ ငှားရမ်းပြီးဟု ဖော်ပြထားပါသည်။ ကနဦးနှစ် ၅၀ စတင်သည့်နေ့ရက်အား ကွက်လပ်ဖြင့် ဖော်ပြထားသည့်အပြင် တည်ဆောက်ရေးကာလပါဝင်ခြင်းရှိ မရှိ ဖော်ပြထားခြင်းမရှိပါ။ သို့ပါ၍ ငှားရမ်းကာလကနဦးနှစ် ၅၀ သည် မည်သည့်နေ့မှစတင်ကြောင်းနှင့် ယင်းကနဦးနှစ် ၅၀ တွင် တည်ဆောက်ရေးကာလပါဝင်ခြင်းရှိ မရှိ ရှင်းလင်းတိကျစွာဖော်ပြရန် လိုအပ်ပါသည်၊

(စ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၄(က)၌ တည်ဆောက်ရေးကာလ(၂)နှစ်ဖြစ်သော (----) ရက်မှ (-----)ရက်အတွင်း မြေငှားရမ်းခကင်းလွတ်ခွင့်ပြုပြီး ---------- ဟု ဖော်ပြထားပါသည်။ တည်ဆောက်ရေးကာလစတင်မည့်နေ့ရက်အား ကွက်လပ်ဖြင့်ဖော်ပြထား၍ မည်သည့်နေ့မှစတင်သည်ကို စိစစ်နိုင်ခြင်းမရှိပါ။ သို့ပါ၍ စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့မှစ၍ ရက်ပေါင်းမည်မျှအတွင်း တည်ဆောက်ရေးကာလကို စတင်ကြောင်း သို့မဟုတ် စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့တွင် တည်ဆောက်ရေးကာလစတင်ကြောင်း စသည်ဖြင့် ရှင်းလင်းစွာဖော်ပြရန် လိုအပ်ပါသည်၊

(ဆ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၃(က)၌ ငှားရမ်းသည့်မြေတည်နေရာကိုသာ ဖော်ပြထားပြီး အငှားချထားသည့်ပစ္စည်းကို ဖော်ပြထားခြင်းမရှိပါ။ သို့သော် စာချုပ်(မူကြမ်း)အပိုဒ်ခွဲ ၄(ခ)ငှားရမ်းခနှုန်းထား၊ အပိုဒ်ခွဲငယ် (က)တွင် ဂေါက်ကွင်းလုပ်ငန်းအတွက် တစ်နှစ်စာငှားရမ်းခ၊ အပိုဒ်ခွဲငယ်(ခ)တွင် ဟိုတယ်လုပ်ငန်းနှင့် လက်ရှိဟိုတယ်(၇၄)ခန်းအတွက် တစ်နှစ်စာငှားရမ်းခတို့အား ဖော်ပြထား

ကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ စာချုပ်(မူကြမ်း)တွင် အငှားချထားမည့် ပန္နည်းသည် မြေ၊ ဂေါက်ကွင်းလုပ်ငန်းနှင့် ဟိုတယ်၊ ဟိုတယ်လုပ်ငန်းတို့ ဖြစ်ကြောင်း သီးခြားခေါင်းစဉ်ဖြင့် ဖော်ပြရန်လိုအပ်ပါသည်၊

(ခ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၄(က)တွင် တည်ဆောက်ရေးကာလ ၂ နှစ်အတွင်း မြေငှားရမ်းခကင်းလွတ်ခွင့်ပြုပြီး (---)ရက်နေ့မှစ၍ မြေငှားရမ်းခတွက်ချက်ရမည်ဟု ဖော်ပြထားပါသည်။ စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၃(က)ငှားရမ်းသည့် မြေတည်နေရာ၌လည်း မြေ (၂၄၇.၀၆)ဧကဟု ဖော်ပြထားပါသည်။ သို့သော် အပိုဒ်ခွဲ ၄(ခ)ငှားရမ်းခနှုန်းထား၊ အပိုဒ်ခွဲငယ် (က)(ခ)တို့၌ မြေငှားရမ်းခအား ဖော်ပြထားခြင်းမရှိဘဲ ဂေါက်ကွင်းလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်း၊ ဟိုတယ်အိပ်ခန်း(၇၄)တို့အတွက်တစ်နှစ်စာငှားရမ်းခများကိုဖော်ပြထားရာ စည်းကမ်းချက်ချင်းကိုက်ညီမှုမရှိပါ။ သို့ပါ၍ အေးသာယာဂေါက်ကွင်းရှိမြေ (၂၄၇.၀၆) ဧကကိုသာ B.O.T စနစ်ဖြင့် ငှားရမ်းခြင်းဖြစ်ကြောင်း သို့မဟုတ် အေးသာယာဂေါက်ကွင်းရှိမြေ (၂၄၇.၀၆)ဧကအပြင် ဂေါက်ကွင်းလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနှင့် ဟိုတယ်အိပ်ခန်းတို့အား B.O.T စနစ်ဖြင့် ငှားရမ်းခြင်းဖြစ်ကြောင်း ရှင်းလင်းတိကျစွာဖော်ပြရန် လိုအပ်ပါသည်။ ထို့အပြင် မြေငှားရမ်းခမှာမည်မျှဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြရန်လိုအပ်ပါသည်။ အေးသာယာဂေါက်ကွင်းရှိမြေ (၂၄၇.၀၆)ဧကအပြင် ဂေါက်ကွင်းလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနှင့် ဟိုတယ်အိပ်ခန်းတို့အား B.O.T စနစ်ဖြင့် ငှားရမ်းခြင်းဖြစ်ပါက စာချုပ်(မူကြမ်း)၏ မျက်နှာဖုံး၊ ခေါင်းစဉ်နှင့် စည်းကမ်းချက်တို့၌ ပြည့်စုံစွာ ဖော်ပြရန် လိုအပ်ပါသည်။ ဌာနက ပြန်လည်စိစစ်ရန်ဖြစ်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၄(ခ)၌ ဟိုတယ်လုပ်ငန်းအတွက် ငှားရမ်းခအား မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပြီး ဟိုတယ်(၇၄)ခန်း၏ အိပ်ခန်းဧရိယာ

PAM/D / DKKP/ EDEN Group Co., Ltd (31-1-2017)

အတွက် ငှားရမ်းခအား အမေရိကန်ဒေါ်လာဖြင့် ဖော်ပြထားပါသည်။ နှစ်စဉ် ငှားရမ်းခပေးသွင်းခြင်းအား နိုင်ငံခြားငွေ Exchange Rate ပြောင်းလဲမှု အပေါ် မူတည်၍ US$ နှင့်ညီမျှသော မြန်မာငွေကိုပေးသွင်းနိုင်သည်ဟု ဖော်ပြထားရာ ငှားရမ်းခအား အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားသဖြင့် ထိုကဲ့သို့ မြန်မာကျပ်ငွေဖြင့် ပေးသွင်းနိုင်ခြင်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်၊

(ည) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၄(ဂ) မြေအသုံးချမှုပရီမီယံကြေး၊ အပိုဒ်ခွဲငယ် (က) ဥဂေါက်ကွင်းလုပ်ငန်းအတွက် တစ်ကေလျှင်ကျပ် ၅ သိန်းနှုန်းဖြင့် ၁၈၉ ကေ အတွက်ကျပ် ၉၄၅ သိန်းဟုလည်းကောင်း၊ အပိုဒ်ခွဲငယ် (ခ)၌ ဟိုတယ် လုပ်ငန်းအတွက် တစ်ကေလျှင်ကျပ် ၁၀ သိန်းနှုန်းဖြင့် ၃၀ ကေအတွက် ကျပ်သိန်း (၃၀၀)ဟုလည်းကောင်း ဖော်ပြထားပါသည်။ ၁၈၉ ကေနှင့် ၃၀ ကေကိုပေါင်းစပ်ပါက ၂၁၉ ကေသာရရှိပါသည်။ စာချုပ်(မူကြမ်း)အပိုဒ်ခွဲ ၃(က)နှင့် ကျန်စည်းကမ်းချက်များတွင် ဖော်ပြချက်အရ မြေကေမှာ (၂၄၇.၀၆)ကေဖြစ်ပါသည်။ သို့ပါ၍ မြေအသုံးချမှုပရီမီယံကြေးအတွက် မြေကေဖော်ပြမှုသည် အငှားချထားသည့် မြေ (၂၄၇.၀၆)ကေလုံးအတွက် ထည့်သွင်းဖော်ပြထားခြင်းမရှိသဖြင့် ပြန်လည်စိစစ်သင့်ပါသည်၊

(ဋ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၄(ဂ) မြေအသုံးချမှုပရီမီယံကြေး၊ အပိုဒ်ခွဲငယ် (ခ)၌ MOA စာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှ ၁ လအတွင်း၊ ၆ လအတွင်း၊ ၁ နှစ် ပြည့်လျှင်၊ ၁၈ လပြည့်လျှင် Land Use ၏ ၂၀% တို့အား ပေးသွင်းရန် ဖော်ပြထားပါသည်။ ယခုစာချုပ်(မူကြမ်း)၌ MOA စာချုပ်နှင့်စပ်လျဉ်း၍ စည်းကမ်းချက်တစ်စုံတစ်ရာဖော်ပြထားခြင်းမရှိပါ။ သို့ပါ၍ ပြန်လည်စိစစ်ပြီး ရှင်းလင်းစွာဖော်ပြရန် လိုအပ်ပါသည်၊

(၄) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၄(ဂ)၊ အပိုဒ်ခွဲငယ်(ခ)၌ Grand Opening မတိုင်မီ ၇ ရက်အတွင်း Land Use ၏ ၂၀% အားပေးသွင်းရန် ဖော်ပြထားပါသည်။ Grand Opening နှင့်စပ်လျဉ်း၍ စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့မှ ရက်ပေါင်းမည်မျှအတွင်း Grand Opening စတင်ရမည်ဖြစ်ကြောင်း ဖော်ပြမထားပါ။ သို့ပါ၍ နှောင်အငြင်းပွားမှုမဖြစ်စေရေးအတွက် Grand Opening အား သတ်မှတ်ဖော်ပြရန် လိုအပ်ပါသည်၊

(ဍ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၄(ဆ)၌ မူလအဆောက်အဦအဟောင်း ပြုပြင်ဆောင်ရွက်မည့်လုပ်ငန်းအားလုံးကို စာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ (၁)နှစ်အတွင်း၊ --------- အကယ်၍ သတ်မှတ်ကာလအတွင်း ဖွင့်လှစ်နိုင်ခြင်းမရှိပါက ငှားရမ်းထားသော မြေနှင့်အဆောက်အဦများကို အငှားချထားသူသို့ ပြန်လည်အပ်နှံရမည်ဖြစ်ပြီး အငှားချထားခြင်းခံရသူမှ ပေးသွင်းခဲ့သော မြေငှားရမ်းခများကို ပြန်လည်ထုတ်ပေးခြင်းပြုလုပ်မည်မဟုတ်ပါဟုဖော်ပြထားပါသည်။ စာချုပ်(မူကြမ်း)၌ မြေငှားရမ်းခမှာမည်မျှဖြစ်ကြောင်း ဖော်ပြထားခြင်းမရှိသဖြင့် ပြန်လည်စိစစ်ရန် လိုအပ်ပါသည်။ ထို့အပြင် အငှားချထားရာ၌ မြေအပြင်အဆောက်အဦများ ပါဝင်နေကြောင်း တွေ့ရှိရသဖြင့် အဆောက်အဦမည်မျှဖြစ်ကြောင်း၊ မည်သို့သောအဆောက်အဦဖြစ်ကြောင်း ရှင်းလင်းပြည့်စုံစွာဖော်ပြရန် လိုအပ်ပါသည်၊

(ပ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၅(က)၌ ဖော်ပြထားသော အငှားချထားခြင်းခံရသူ အဆိုပြုတင်ပြထားသည့် စာချုပ်ပါ Site Plan နှင့် Drawing များအား နောက်ဆက်တွဲများအဖြစ် ပူးတွဲဖော်ပြသင့်ပါသည်၊

(ဏ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၅(ခ)၌ ဖော်ပြထားသည့် မြေ၏လုပ်ငန်းအပြင် အငှားချထားသည့် မြေအားလုံးကိုသော်လည်းကောင်း၊ ယင်းမြေ၏တစ်စိတ်

တစ်ဒေသကိုသော်လည်းကောင်း၊ တစ်ဆင့်အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ ထုခွဲရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် တစ်ဆင့်လွှဲပြောင်းခြင်း မပြုလုပ်ရ ဟူသောအချက်ကိုပါ ထည့်သွင်းဖော်ပြသင့်ပါသည်။ ဌာနက ပြန်လည်စိစစ်ရန် ဖြစ်ပါသည်၊

(တ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၆(ခ)နှင့်(ဃ)တို့၌ အငှားချထားသူသည် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိရေးအတွက် လိုအပ်သောခွင့်ပြုချက်များ၊ လိုင်စင်များကို ရယူဆောင်ရွက်ပေးရမည်ဟု ဖော်ပြထားသဖြင့် သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်သင့်ပါသည်၊

(ထ) စာချုပ်(မူကြမ်း) အပိုဒ် ၈ တွင် စာချုပ်သက်တမ်းတိုးခြင်းခေါင်းစဉ်ဖြင့် ကနဦးနှစ် ၅၀ ဖြစ်ကြောင်း ဖော်ပြထားပါသည်။ စာချုပ်(မူကြမ်း)တွင် အဓိကအရေးကြီးသောစည်းကမ်းချက်ဖြစ်သည့် စာချုပ်သက်တမ်းမပါရှိသောကြောင့် မည်သည့်နေ့ရက်မှစတင်ပြီး နှစ် ၅၀ ဖြစ်ကြောင်း ဦးစွာဖော်ပြရန်လိုအပ်ပါသည်။ စာချုပ်သက်တမ်းသည် ငှားရမ်းကာလနှင့် ကိုက်ညီမှုရှိရန် လိုအပ်ပါသည်။ ဌာနမှ ပြန်လည်စိစစ်သင့်ပါသည်၊

(ဒ) စာချုပ်(မူကြမ်း) အပိုဒ် ၁၁ စာချုပ်ရပ်စဲခြင်းတွင် "စာချုပ်သက်တမ်းကုန်ဆုံးခြင်း"ကို စာချုပ်အားရပ်စဲနိုင်သည့် စည်းကမ်းချက်တစ်ရပ်အဖြစ် ထည့်သွင်းဖော်ပြသင့်ပါသဖြင့် ဌာနက ပြန်လည်စိစစ်ဖော်ပြသင့်ပါသည်၊

(ဓ) စာချုပ်(မူကြမ်း) အပိုဒ် ၁၈ စာပေးစာယူပြုလုပ်ရန်ကိစ္စတွင် "စာပေးစာယူပြုလုပ်ရာတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ရေးသား၍ ---------- တစ်ဖက်သို့ချက်ချင်း အသိပေးအကြောင်းကြားရမည်"ဟုဖော်ပြထားရာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၀ တွင် ရုံးသုံးဘာသာစကားမှာ မြန်မာဘာသာဖြစ်သည်ဟု ပြဌာန်းထားခြင်း၊ တစ်ဖက်စာချုပ်ဝင်ကုမ္ပဏီသည်

မြန်မာနိုင်ငံသားဖြစ်ခြင်းတို့ကြောင့် မြန်မာဘာသာဖြင့်သာ ဆက်သွယ်အကြောင်းကြားသင့်သည်ဟုယူဆပါသည်။ ထို့ပြင် နှစ်ဖက်စာချုပ်ဝင်များ၏ တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ်၊ အီးမေးလ်လိပ်စာအပြည့်အစုံတို့ကို စာချုပ်ချုပ်ဆိုချိန်၌ ထည့်သွင်းဖော်ပြရန်လိုအပ်ပါသည်၊

(န) စာချုပ်(မူကြမ်း)တွင် B.O.T စာချုပ်များ၌ ရယူလေ့ရှိသော လုပ်ငန်းဆောင်ရွက်မှုအာမခံကိုရယူရန်သင့် မသင့် ဌာနမှစဉ်းစားသင့်ပါသည်။ လုပ်ငန်းဆောင်ရွက်မှုအာမခံရယူမည်ဆိုပါက မည်သည့်နေ့ရက်မှစ၍ ငွေမည်မျှကို မည်သည့်ဘဏ်၌ ပေးသွင်းရမည်ဖြစ်ကြောင်း၊ အချိန်ကာလမည်မျှအထိ ထားရှိရမည်ဖြစ်ကြောင်း၊ အငှားချထားခြင်းခံရသူသည် စာချုပ်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက အဆိုပါလုပ်ငန်းဆောင်ရွက်မှု အာမခံကို အငှားချထားသူက သိမ်းယူမည်ဖြစ်ကြောင်းစသည့်အချက်များအား ထည့်သွင်းဖော်ပြသင့်ပါသည်၊

(ပ) နိုင်ငံတော်သမ္မတရုံး၏ ၅-၁၀-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၀၀(၁)/ ၇/ သမ္မတရုံးဖြင့် ညွှန်ကြားချက်အရ စာချုပ်(မူကြမ်း)အငှားချထားခြင်းခံရသူ၏ တာဝန်ဝတ္တရားများတွင် "တည်ဆဲတံဆိပ်ခေါင်းခွန်ဥပဒေနှင့်အညီ ကျသင့်တံဆိပ်ခေါင်းခွန်နှင့် ငှားရမ်းခြင်းဝန်ဆောင်မှုအတွက် ကျသင့်သောကုန်သွယ်လုပ်ငန်းခွန်ကို ဥပဒေနှင့်အညီ ပေးဆောင်စေရမည်" ဟူသောအချက်အား ထည့်သွင်း ဖော်ပြရန် လိုအပ်ပါသည်၊

(ဖ) စာချုပ်(မူကြမ်း) ရှိ ကွက်လပ်များကို စာချုပ်ချုပ်ဆိုချိန်၌ ပြည့်စုံစွာဖော်ပြထားရန်လိုအပ်ပါသည်။

(ဗ) လိုအပ်သောနေရာများ၌ မင်နီဖြင့် ပြင်ဆင်၊ ဖြည့်စွက်ပေးလိုက်ပါသည်။

၃။ စာချုပ်(မူကြမ်း)၌ ဂေါက်ကွင်းလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းကိုဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဂေါက်ကွင်းလုပ်ငန်းနှင့်စပ်လျဥ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၁-၃-၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၂၆/ ၂၀၁၆ ဖြင့် ထုတ်ပြန်ခဲ့သောစီးပွားရေးလုပ်ငန်းအမျိုးအစားများပြင်ဆင်သတ်မှတ်ခြင်း၌ ဖော်ပြပါရှိသည့် နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်း၊ စဉ် ၂၁ တွင် နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်း၊ အပန်းဖြေနေရာများ ဖော်ထုတ်တည်ထောင်ခြင်းလုပ်ငန်းအား ဖော်ပြထားသည်ကို သိရှိနိုင်ရန်အတွက် ဖော်ပြအပ်ပါသည်။ စာချုပ်(မူကြမ်း)ပါ ဟိုတယ်လုပ်ငန်းနှင့်စပ်လျဥ်း၍ ခွင့်ပြုချက်ရရှိရန်နှင့် လိုင်စင်ရရှိရန် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေပုဒ်မ ၈ နှင့် ပုဒ်မ ၁၂ တို့အရ လျှောက်ထားရန်လိုအပ်မည်ဖြစ်ပါသည်။

၄။ ဤစာချုပ်(မူကြမ်း)ကို မချုပ်ဆိုမီ ပြည်ထောင်စုအစိုးရအဖွဲ့၏ ကော်မတီတစ်ခုဖြစ်သော စီးပွားရေးရာကော်မတီသို့ တင်ပြရန်လိုအပ်မည်ဖြစ်ပါသည်။

၅။ တံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၉ အရ အစိုးရတံဆိပ်ခေါင်းခွန် ကင်းလွတ်ခွင့်သို့မဟုတ် သက်သာခွင့်မရရှိသေးလျှင် ကျသင့်သော တံဆိပ်ခေါင်းခွန်ကို အငှားချထားခြင်းခံရသူက ထမ်းဆောင်ရမည် ဖြစ်ပါသည်။

၆။ ဤစာချုပ်(မူကြမ်း) ကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်းအရသာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့်မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့် စပ်လျဥ်း၍ သက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းရန် အကြံပြုပါသည်။

၇။ စာချုပ်ချုပ်ဆိုမည့်ကုမ္ပဏီသည် ဥပဒေအရတရားဝင် ဖွဲ့စည်းထားသည့်ကုမ္ပဏီဟုတ်မဟုတ်၊ စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်နိုင်ခွင့်နှင့် လုပ်ကိုင်နိုင်စွမ်းရှိ မရှိ၊ ငွေကြေးအင်အားပြည့်စုံမှုရှိမရှိ၊ စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်းခံရသူဟုတ် မဟုတ် စသည်တို့ကို ကြိုတင်စိစစ်ရန် လိုအပ်မည်ဖြစ်ပါသည်။

၈။ ဤစာချုပ်(မူကြမ်း)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန် အတွက် ဤရုံးသို့ မိတ္တူ (၃) စုံ ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရှေ့နေချုပ်(ကိုယ်စား)
(ဒေါက်တာသီတာဦး၊ညွှန်ကြားရေးမှူးချုပ်)

မိတ္တူ - ရုံးလက်ခံ/ မျှောစာတွဲ

SITE LOCATION



EDEN GROUP COMPANY LIMITED

AYE THAR YAR GOLF RESORT



BOUNDARY LINE

BOUNDARY LINE

BOUNDARY LINE

BOUNDARY LINE

EDEN-23

EDEN-22

HELIPAD

HELIPAD

DRIVING RANGE

PUMP HOUSE

EDEN-25

EDEN-24

TO TAUNGGYI

TO SHWE NYAUNG

TO TAUNGGYI

TO AYE THAR YAR

TO SHWE NYAUNG

<u>ရည်ညွှန်းချက်</u>

မူလဂေါက်ကွင်းနယ်နိမိတ်(၂၄၇. ၀၆ ဧက)

မူလဆောက်လုပ်ထားပြီး ဟိုတယ်အဆောက်အဦများ

မူလရှိပြီးသား Club House အဆောက်အဦများ

မူလရှိပြီးသား Driving အဆောက်အဦများနှင့် ဧရိယာ

D:\MEE MEE\Ko Pauk\(4.5.07) - Copy.dwg

၁၃/၂

နိုင်ငံသားစိစစ်ရေးကတ်ပြား/ကဒ်(နိုင်)

အမှတ် — ၀၂၉

အမည် — [illegible]

သွေးအုပ်စု — (B)

ထင်ရှားသည့်အမှတ်အသား — [illegible]

အရပ်အမြင့် — [illegible]

[illegible]

အမည် — [illegible]

အဖအမည် — [illegible]

မွေးသက္ကရာဇ် — [illegible]

လူမျိုး — ဗမာ

ကိုးကွယ်သည့်ဘာသာ — [illegible]

[illegible]

ရက်စွဲ — [illegible]

အမြဲတမ်းနေရပ်လိပ်စာ — [illegible]


[illegible]

[illegible]

[illegible]

မှတ်ချက်။ (၁) ဤကတ်ပြားသည် [illegible] ဖြစ်သည်။

(၂) ပျောက်ဆုံး ပျက်စီးသည့်အခါ သက်ဆိုင်ရာ မြို့နယ် [illegible] ကြီးကြပ်ရေး [illegible] ထံသို့ [illegible] တင်ပြရမည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

☎ ၀၁-၆၅၇၈၉၁
🖷 ၀၁-၆၅၈၁၃၅

စာအမှတ် ၊ ရက - ၁၀ / ၁ / ၂၀၁၆(၀၂၇၇၅)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၂ ရက်

သို့

အုပ်ချုပ်မှုဒါရိုက်တာ
ဒေင် ဟိုတယ် နှင့်အပန်းဖြေ လုပ်ငန်း ကုမ္ပဏီ လီမိတက်
အမှတ်(၃၂/ဒီ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အကြောင်းအရာ ။ **ကုမ္ပဏီ မှတ်ပုံတင် လက်မှတ် သက်တမ်းတိုးခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ ကုမ္ပဏီ၏ (၂၂-၂-၂၀၁၆) ရက်စွဲပါစာ

၁။ အထက်ရည်ညွှန်းပါစာဖြင့် **ဒေင် ဟိုတယ် နှင့်အပန်းဖြေ လုပ်ငန်း ကုမ္ပဏီ လီမိတက်** မှ သက်တမ်း တိုးမြှင့် ပေးပါရန် တင်ပြလာခြင်းကို (၂၂-၂-၂၀၁၆) ရက်နေ့တွင် ခွင့်ပြုပြီး ဖြစ်သဖြင့် (၁၄-၇-၂၀၂၁) ရက် နေ့အထိ (၅)နှစ် သက်တမ်းတိုးမြှင့် ခွင့်ပြုလိုက်သည်။

၂။ သို့ဖြစ်ပါ၍ **ဒေင် ဟိုတယ် နှင့်အပန်းဖြေ လုပ်ငန်း ကုမ္ပဏီလီမိတက်**မှကျပ် ၅၀၀,၀၀၀/- (ကျပ်ငါးသိန်းတိတိ) ပေးသွင်းပြီး ဖြစ်ပါ၍ ရုံးတွင်း မှတ်ပုံတင် အမှတ် - ၆၇၇/၂၀၀၅-၂၀၀၆ **(၁၅-၇-၂၀၀၅)** ဖြင့်သက် တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးလိုက်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(နီလာမူ၊ညွှန်ကြားရေးမှူး)

မိတ္တူကို-
ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး
ရုံးလက်ခံ/ မျှောစာတွဲ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ 005376

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် ......၆၇၇...... / ၂၀၀၅-၂၀၀၆

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ......ဒေင် ဟိုတယ်နှင့် အပန်းဖြေလုပ်ငန်း......

......ကုမ္ပဏီ လီမိတက်......အား ပေးရန်တာဝန် ကန့်သတ်ထားသော လီမိတက်

ကုမ္ပဏီအဖြစ် ..၂၀၀၅..နှစ်၊ ..ဇူလိုင်.......လ၊ ..၁၅..ရက်နေ့တွင် မှတ်ပုံတင်ထားခြင်းအား

..၂၀၁၆..နှစ်၊ ..ဖေဖော်ဝါရီ..လ၊ ..၂၂..ရက်နေ့မှစ၍ သက်တမ်းတိုး ခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

(နီလာမူ၊ ညွှန်ကြားရေးမှူး)

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR

MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

CERTIFICATE OF INCORPORATION

NO. ......677...... of 2005-2006

I hereby certify that the tenure of ......EDEN HOTELS & RESORTS......

......COMPANY LIMITED...... incorporated under the

Myanmar Companies Act on ......15th JULY, 2005......

is renewed with effected from ......22nd FEBRUARY, 2016......

For Director General

(Nilar Mu, Director)

Directorate of Investment and Company Administration

ကုမ္ပဏီနှင့်သက်ဆိုင်သည့်အချက်အလက်များ

(က) အုပ်ချုပ်မှုဒါရိုက်တာအမည်၊ ဦးဝင်းမင်းခိုင် (၁၂/အစန(နိုင်) ၀၆၅၉၃၀၀)

(ခ) ကုမ္ပဏီ ရုံးခန်းလိပ်စာ၊ အမှတ်(၃၂/ဒီ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ၀၉၅-၁-၅၀၅၆၇၆၊ ၅၀၁၂၈၈

(ဃ) ဒါရိုက်တာများ အမည်စာရင်း-

(၁) ဦးချစ်ခိုင် ၁၂/အစန(နိုင်)၀၇၈၂၆၃
(၂) ဒေါ်ခင်စိုးဝေ ၁၂/အစန(နိုင်)၀၇၇၉၅၀
(၃) ဦးဝဏ္ဏခိုင် ၁၂/အစန(နိုင်)၀၁၉၄၁၀
(၄) ဒေါ်ဟန်စုခိုင် ၁၂/အစန(နိုင်)၀၆၄၈၂၁
(၅) ဦးထွန်းထွန်းအောင် ၁၂/အစန(နိုင်)၀၇၈၀၁၉
(၆) ဒေါ်ဥမ္မာလွင် ၁၂/ရပသ(နိုင်)၀၁၇၁၃၆
(၇) ဦးကျော်စိုးထွန်း ၉/ကစန(နိုင်)၀၈၆၁၆၈
(၈) ဒေါ်ခင်မျိုးနွယ် ၁၂/အစန(နိုင်)၀၇၈၅၂၃
(၉) ဒေါ်မြတ်သဏ္ဍာ ၁၂/လမန(နိုင်)၀၅၄၁၈၅

မှတ်ချက်။ (၁) ဤကုမ္ပဏီမှတ်ပုံတင်လက်မှတ်သည် မှတ်ပုံတင်ရက်စွဲ (၁၅-၇-၂၀၁၆) မှ (၁၄-၇-၂၀၂၁) ရက်နေ့အထိ (၅)နှစ်သက်တမ်းအတွက်သာ ဖြစ်သည်။ သက်တမ်း ပကုန်ဆုံးပိ (၃)လအလိုတွင် သက်တမ်းတိုးရန် ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားရမည်။

(၂) ကုမ္ပဏီ အနေဖြင့် သင်းဖွဲ့မှတ်တမ်းတွင် အဆိုပြုတင်ပြထားသော လုပ်ငန်း ရည်ရွယ်ချက်များကိုသာ လုပ်ကိုင်ရမည်။

(၃) သင်းဖွဲ့မှတ်တမ်းပါ ရည်ရွယ်ချက်များသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာန၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်ခွင့်ရှိမည်ဖြစ်ပါသည်။

(၄) လုပ်ငန်းရည်ရွယ်ချက် ပြောင်းလဲလုပ်ကိုင်လိုပါက ပြောင်းလဲလုပ်ကိုင်လိုသည့် လုပ်ငန်းရည်ရွယ်ချက်များအား ဘင်းဖွဲ့မှတ်တမ်းတွင် ပြင်ဆင်မှတ်ပုံတင်ရန် အတွက် ဒါရိုက်တာအဖွဲ့ (BOD) ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက် မှတ်တမ်းနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားရမည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(မော်မော်စိုး ၊ ဒုတိယညွှန်ကြားရေးမှူး)

လာရောက်ထုတ်ယူသည့် ရက်စွဲ၊ 24 FEB 2016

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ


ဒေင်ဟိုတယ်နှင့်အပန်းဖြေလုပ်ငန်းကုမ္ပဏီလီမိတက်

၏

သင်းဖွဲ့မှတ်တမ်း

နှင့်

သင်းဖွဲ့စည်းမျဉ်းများ



THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

Memorandum Of Association

AND

Articles Of Association

OF

EDEN HOTELS & RESORTS COMPANY LIMITED

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ

ဒေင်ဟိုတယ်နှင့်အပန်းဖြေလုပ်ငန်းကုမ္ပဏီလီမိတက်

၏

သင်းဖွဲ့မှတ်တမ်း



၁။ ကုမ္ပဏီ၏ အမည်သည် ဒေင်ဟိုတယ်နှင့်အပန်းဖြေလုပ်ငန်းကုမ္ပဏီလီမိတက် ဖြစ်ပါသည်။

၂။ ကုမ္ပဏီ၏ မှတ်ပုံတင်အလုပ်တိုက်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တည်ရှိရမည်။

၃။ ကုမ္ပဏီ၏ တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်များမှာတစ်ဖက်စာမျက်နှာပါအတိုင်းဖြစ်ပါသည်။

၄။ အစုဝင်များ၏ ပေးရန်တာဝန်ကိုကန့်သတ်ထားသည်။

၅။ ကုမ္ပဏီ၏ သတ်မှတ်မတည်ငွေရင်းသည် ကျပ် ၅၀,၀၀၀,၀၀၀,၀၀၀/- (ကျပ် ငါးဆယ်ဘီလီယံ တိတိ) ဖြစ်၍ ငွေကျပ် ၁၀၀,၀၀၀/- (ကျပ် တစ်သိန်း တိတိ) တန်အစုရှယ်ယာပေါင်း (၅၀၀၀၀၀) ခွဲထားသည်။ ကုမ္ပဏီ၏ ရင်းနှီးငွေကို ကုမ္ပဏီ၏စည်းမျဉ်းများနှင့် လက်ရှိတရားဝင်တည်ဆဲဖြစ်နေသော တရားဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေသင်းလုံးကျွတ်အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်၊ လျှော့ချနိုင်ခွင့်နှင့် ပြင်ဆင်နိုင်ခွင့် အာဏာရှိစေရမည်။

